ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံး

ဟောင်ကောင်မြို့

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်မဲပေးရက်အား ထပ်တိုးရက်သတ်မှတ်ကြောင်း အသိပေးကြေငြာခြင်း

၁။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဟောင်ကောင်၊ မကာအို နှင့် ထိုင်ဝမ် ဒေသများသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများမှ ကြိုတင်ဆန္ဒမဲ ပေးရန် ဆန္ဒပြုထားသူမြန်မာနိုင်ငံသားများမှာ (၁၇-၁၀-၂၀၁၅) ရက်နေ့ (စနေနေ့) ဒေသစံတော်ချိန် နံနက် (၉း၀၀) နာရီ မှ ညနေ (၄း၀၀) နာရီ အကြား ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်းကို ဤရုံးမှ စက်တင်ဘာလ ၁၆ ရက် ရက်စွဲပါစာဖြင့် အသိပေးအကြောင်းကြားပြီးဖြစ်ပါသည်။

၂။ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသားများအနေဖြင့် ကြိုတင်ဆန္ဒမဲပေးရန် ဟောင်ကောင်မြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ ဆက်သွယ်ရာတွင် မိမိတို့၏နိုင်ငံသားစိစစ်ရေး ကတ်မူရင်း(သို့မဟုတ်) မိတ္တူနှင့် **မြန်မာနိုင်ငံကူးလက်မှတ်မူရင်း** များအားယူဆောင်လာရမည်ဖြစ် ပါသည်။ ဒေသတွင်း အလုပ်လုပ်ကိုင်လျက်ရှိသည့် ကြိုတင်မဲပေးခွင့်ရ မြန်မာနိုင်ငံသားများအား အဆင်ပြေမှုရှိစေရေးအတွက် မူလကြေငြာထားရှိသည့် (၁၇-၁၀-၂၀၁၅) ရက်နေ့ ကြိုတင်မဲပေးရက် အပြင် ထပ်တိုးရက်အဖြစ် (၁၈-၁၀-၂၀၁၅) ရက်နေ့၏ နံနက် (၀၉း၀၀) နာရီ မှ နေ့လည် (၁၂း၀၀) နာရီ အထိ တိုးမြှင့်သတ်မှတ်ထားရှိပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

မြန်မာကောင်စစ်ဝန်ချုပ်ရုံး
ဟောင်ကောင်မြို့

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်